## 5-2 နေရပ်လိပ်စာအပြင် အခြားအကြောင်းအရာများပြောင်းလဲကြောင်းအကြောင်းကြားခြင်း

ကာလရှည်၊ကာလလတ်နေထိုင်သူသည် အမည်၊ မွေးနေ့သက္ကရာဇ်၊ ကျား၊မ၊ နိုင်ငံသား၊ဒေသ ပြောင်းလဲသည့်နေ့မှ ၁၄ရက်အတွင်း နေထိုင်သည့်ဒေသရှိ ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးသို့ အကြောင်းကြားရမည်။ နေထိုင်ခွင့်ကာလနှင့် နေထိုင်ခွင့်အမျိုးအစားပြောင်းလဲခြင်းကိုလည်း ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးတွင် ဆောင်ရွက်ရမည်။ （B 2 သက်တမ်း၊ သက်တမ်းတိုးခြင်း၊ အမျိုးအစားပြောင်းခြင်း၊ ရာသက်ပန်နေထိုင်ခြင်း၊ နေထိုင်ခွင့် ပြင်ပလှုပ်ရှားဆောင်ရွက်မှုခွင့်ပြုချက်၊ ပြန်လည်ပြည်ဝင်ခွင့်ရယူခြင်း A 1-4 ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး၌ ဆောင်ရွက်ရမည့်အချက်များ ကိုးကားရန်)